# Highlights from DVB Debate's New Cabinet Show

# April 2, 2016

# "What should the New Cabinet fix first?"

"အင်စတီကျူးရှင်းတွေ မခိုင်မာသေးတာရယ် သကြံန်ပိတ်ရက်တွေများတာတွေ ရှိတာကြောင့် ရက် ၁၀၀ နဲ့ အန်အယ်လ်ဒီဦးဆောင်တဲ့ အစိုးရကို အကဲဖြတ်လို့ မရဘူး"

ဦးဇော်ဌေး - ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်သမ္မတရုံး

---

"အစိုးရသစ်အနေနဲ့ ရက်ပေါင်း ၁၀၀အတွင်းမှာ နိုင်ငံရေးအခြေပြုသော အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် လုပ်ကိုလုပ်ရမယ်။ နောက်တခုက လက်မှတ်မထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို ဖိတ်ခေါ် ဆွေးနွေးတာလည်း လုပ်ကိုလုပ်ရမယ်"

ဦးမြအေး - ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း

---

"စစ်ဖက်-အရပ်ဖက်ဆက်ဆံရေးနဲ့ အခြားသော တိုင်းရင်းသားတွေနဲ့ ဗမာတွေရဲ့ ဆက်ဆံရေး အဖြေရှာဖို့က ဖက်ဒရယ်သည် အဖြေ. ဒါတွေကိုတော့ ရက် ၁၀၀ အတွင်း ဖြေရှင်းလို့ မရဘူး။ ဒါရေရှည်ဖြေရှင်းရမယ့် ပြဿနာ"

ဦးဦးလှစော - ပြည်သူ့လွှတ်တော်အမတ်၊ ရခိုင်အမျိုးသားပါတီ

---

"အန်အယ်လ်ဒီအစိုးရကို ကြည့်ရာမှာ အတန်အသင့်စိုးရိမ်မှုတွေရှိကြတယ်။ ကျနော့်အမြင်က အန်အယ်လ်ဒီအနေနဲ့ ရက် ၁၀၀ နဲ့ပတ်သက်လို့ .တိုင်းဒေသကြီး၊ ပြည်နယ် စသည်ဖြင့် မဟာဗျူဟာမြောက်ပလန်တွေ နဂိုကတည်းက ရှိထားသင့်တယ်"

ဒေါက်တာ ရန်မျိုးသိမ်း - နိုင်ငံရေးလေ့လာသုံးသပ်သူ

---

"ကျနော်တို့အားလုံးအနေနဲ့ တပ်မတော်ရဲ့ သဘောထားအမြင်ကို နားလည်ဖို့လိုပါတယ်။ ဒေါ်စုလုပ်နေတာသည် တပ်မတော်ရဲ့ အနေအထားကို ကြည့်ပြီး လုပ်နေတာတွေရှိတယ် သူထိန်းနေတယ်။"

ဦးဇော်ဌေး - ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်သမ္မတရုံး

---

"တပ်မတော်က အခုအနေအထားအရ ပြည်သူနဲ့တပ်မတော်လွတ်နေတယ်။ တပ်မတော်က ပြည်သူလူထုနဲ့ ကင်းလွတ်နေတဲ့ အင်စတီကျူးရှင်းမဖြစ်အောင်လုပ်ရမယ်"

ဒေါက်တာ ရန်မျိုးသိမ်း - နိုင်ငံရေးလေ့လာသုံးသပ်သူ

---

"တပ်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ တိုက်ခိုက်ကြတယ် နစ်ဖက်အကျအဆုံးတွေရှိတယ်။ ဒါပေမယ့် သူတို့တွေ တွေ့ဆုံဆွေးနွေး စကားပြောကြတယ်။ ဒီလိုပဲ အန်အယ်လ်ဒီနဲ့ တိုင်းရင်းသားပါတီတွေကြားမှာ တွေ့ပြီး စကားပြောတဲ့ ယဉ်ကျေးမှု လိုနေတာ၊ မတွေ့ကြ စကားမပြောကြတော့ အငယ်တွေက အကြီးကို ဂျစ်တိုက် နွှဲဆိုးဆိုးသလို ဖြစ်ကြတာပေါ့"

ဦးဦးလှစော - ပြည်သူ့လွှတ်တော်အမတ်၊ ရခိုင်အမျိုးသားပါတီ

---

"သမ္မတဦးထင်ကျော်အနေနဲ့ မြစ်ဆုံစီမံကိန်းကို ဆက်လက် ဆိုင်းငံ့သင့်တယ်လို့ ကျနော်ထင်တယ်"

ဒေါက်တာ ရန်မျိုးသိမ်း - နိုင်ငံရေးလေ့လာသုံးသပ်သူ

---